ကျွန်တော့်ဘဝ တစ်လျှောက်လုံး တစ်နေ့တာအလုပ်ကို ကျွန်တော် ဘယ်တော့မှ မလုပ်ခဲ့ပါဘူး။
အဲဒါအားလုံးက ပျော်ရွှင်နှစ်သက်စရာတွေချည်းပါဘဲ။--- သောမတ် အယ်ဒီဆင်

# ကျရှုံးမှုလား? ဤအရာမျိုးမရှိပါ။

## သောမတ်အယ်ဒီဆင်၏ ဘဝအသက်တာမှ သင်ခန်းစာများ (၁၈၄၇- ၁၉၃၁)

သာမန် ရိုးရိုး ဘက်ထရီတစ်လုံးကို ဖန်တီးရန် ကြိုးစားရာ၌ အကြိမ်ပေါင်း (၂၅၀၀၀) မအောင်မြင်ခဲ့ရခြင်းအပေါ် မည်သို့ခံစားရကြောင်းကို သတင်းထောက်တစ်ဦးက အယ်ဒီဆင်ကို မေးခဲ့ရာ၊ "ခင်ဗျားက ဒါကို ဘာကြောင့် ကျရှုံးမှုလို့ ခေါ်နေသလဲဆိုတာကို ကျွန်တော် မသိဘူး၊ ဒီကနေ့ ဒီဘက်ထရီကို လုပ်လို့ မရတဲ့နည်းလမ်းပေါင်း (၂၅၀၀၀)ကို ကျွန်တော်သိတယ်။ ခင်ဗျားကော. . . ဘာတွေသိသလဲ?" ဟု ဖြေခဲ့သည်။

တကယ်တော့ အမေရိကန်သမိုင်းတွင် သောမတ်အယ်ဒီဆင်ကအကြီးကျယ်ဆုံးသော တည်တွင်မှုပညာရှင်တစ်ဦး ဖြစ်ခဲ့ပါသည်။ မီချီဂန်ပြည်နယ် Port Huron တွင် ပထမဆုံး ကျောင်းတက်ခဲ့စဉ် သူ၏ ဆရာများက အလွန်ထုံထိုင်းပြီး ထိန်းသိမ်းရခက်သည့် ကလေးဖြစ်ကြောင်း စာဒက တက်ခံခဲ့ရသည်။ ထို့ကြောင့် ရလဒ်အနေနှင့် သူ့မိခင်က အယ်ဒီဆင်ကို ကျောင်းမှ ထုတ်ပြီး အိမ်၌ စာသင်ပေးရန် ဆုံးဖြတ်ခဲ့သည်။

သိပ္ပံပညာရပ်က အယ်ဒီဆင်အတွက် စွဲမက်စရာ ဖြစ်လာခဲ့သည်။ သူ၏အသက် (၁၀)နှစ်အရွယ်တွင် ဓာတုဗေဒ ဓါတ်ခွဲခန်းတစ်ခုကို သူတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ အယ်ဒီဆင်၏ မကုန်ခန်းနိုင်သော စွမ်းအင်နှင့်ထူးခြားသည့်ဉာဏ်ရည် ထက်မြတ်မှုကို (၄င်းကို အများအဆိုအရ သူက စိတ်ကူးဉာဏ် ကွန့်မြူးမှု ၁%နှင့်အလုပ် ၉၉%ဟု သတ်မှတ်အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။) တို့က နောက်ဆုံးတွင် သူ၏ ဘဝ သက်တမ်းတလျှောက် တီထွင်မှု–ပေါင်း ၁၃၀၀ ကျော်ကို ထုတ်ပေးခဲ့သည်။

သောမတ်အယ်ဒီဆင်က လျှပ်စစ်မီးသီးကို တည်ထွင်ရာ၌ ထိုမီးသီးအလုပ်စဖြစ်သည့်အချိန်ထိ စမ်းသပ်မှုပေါင်း ၂၀၀၀ ကျော်ပြုလုပ်ခဲ့ရသည်။ သတင်းထောက်လူငယ်တစ်ဦးက အကြိမ်ပေါင်းများစွာ ကျရှုံးရခြင်းအပေါ် မည်သို့ ခံစားရကြောင်းကို သူ့အား မေးမြန်းခဲ့ရာ သူက "ကျွန်တော် တစ်ကြိမ်တစ်ခါမှ အရှုံးနဲ့ မရင်ဆိုင်ရသေးဘူး၊ ဒါက ခြေလှမ်း ၂၀၀၀ ပါတဲ့ လုပ်ငန်းစဉ် တစ်ခုသာဖြစ်နေခဲ့တယ်"ဟု ပြန်လည် ဖြေကြားခဲ့သည်။

သူ၏ ဓါတ်ခွဲခန်းသည် ၁၉၁၄ခုနှစ် ဒီဇင်ဘာလ အတွင်း အမှန်တကယ်ပင် မီးလောင်ပျက်စီးခဲ့ရသည်။ အပျက်အစီးတန်ဘိုးက ဒေါ်လာ (၂)သန်းကျော်ခဲ့သော်လည်း အဆောက်အဦးများကို ဒေါ်လာ ၂၃၈၀၀၀ခန့်သာ အာမခံ ထားခဲ့ရခြင်းမှာကလည်း ၄င်းတို့ကို ကွန်ကရစ်ဖြင့်ဆောက်ထားပြီး မီးမလောင်နိုင်ဟု ထင်မှတ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုဒီဇင်ဘာညက တက်သွားခဲ့သော မီးတောက် မီးလျှံများနှင့်အတူ အယ်ဒီဆင်ဘဝအသက်တာတလျှောက်လုံး လုပ်ကိုင်ခဲ့သော အလုပ်များ ပါသွားခဲ့သည်။

မီးရှိန်အမြင့်ဆုံးရောက်နေချိန်မှာ အယ်ဒီဆင်၏သားဖြစ်သူ အသက် (၂၄)နှစ်အရွယ်ရှိ Charles က သူ့ဖခင်ကို မီးခိုးနှင့် အပျက်အစီးများကြား အပူတပြင်းရှာဖွေခဲ့ရာ နောက်ဆုံး ဤမြင်ကွင်းကို တည်ငြိမ်စွာ စောင့်ကြည့်နေသော ဖခင်ကို တွေ့ရှိခဲ့ရသည်။ သူ့မျက်နှာက ထင်ဟပ်လာသော မီးရောင်အောက်တွင်တောက်ပလျက် သူ၏ဆံပင်များကလည်း လေထဲတလွင့်လွင့် ပျံဝဲလျက် ရှိနေခဲ့သည်။

သားဖြစ်သူ ချား(လ်)(စ်)က "သူ့အတွက် အလွန်ရင်နာမိပါတယ်။ သူ့အသက် (၆၇)နှစ်ရှိပြီမို့ လူငယ်တစ်ယောက်မဟုတ်တော့ဘူး၊ နောက်ပြီးတော့ အရာအားလုံးက မီးထဲပါသွားပြီ၊ ကျွန်တော့်ကိုမြင်တော့ သူက 'ဟော့. . .ချားလ်စ် မင်းအမေကော?. . လို့ လှမ်းအော်မေးတယ်။ ကျွန်တော်က မသိတဲ့အကြောင်း ပြန်ပြောတဲ့အခါ သူက . . .'သူ့ကို သွားရှာစမ်း. . . ဒီကိုခေါ်ခဲ့. . . သူအသက်ရှင်နေသမျှကာလပတ်လုံး ဒါမျိုး ဘယ်တော့မှ မတွေ့နိုင်တော့ဘူး'. . လို့ ပြောခဲ့တယ်"။

နောက်တစ်နေ့တွင် အပျက်အစီးများကိုကြည့်လျက် အယ်ဒီဆင်က "အပျက်အစီးထဲမှာ သိပ်ကိုကြီးမားတဲ့ တန်ဘိုးရှိတယ်။ ငါတို့ရဲ့ အမှားတွေအားလုံး မီးလောင်သွားခဲ့ပြီ။ အသစ်ပြန်စရတာ ဘုရားသခင်ကို ကျေးဇူးတင်တယ်" ဟု ပြောခဲ့သည်။

နောက်ရက်သတ္တပတ် (၃)ပတ်အကြာတွင် သူ၏ ပထမဆုံး ဓာတ်စက်ကို သောမတ်အယ်ဒီဆင် ပေးအပ်နိုင်ခဲ့သည်။

မျိုးကြဲသူ၏မျိုးစေ့

အရှုံးဆိုသည်က အဘယ်နည်း?. . .လေ့လာသင်ကြားခြင်းမှလွဲ၍ အခြားဘာမှမဟုတ်၊ ပို၍ ကောင်းမွန်သောအရာတစ်ခုအတွက် ပထမဆုံးခြေလှမ်းမှလွဲ၍ အခြားဘာမှမဟုတ်ပါ။ Wendell Phillips

ကျရှုံးမှုဆိုသည်က လူမဟုတ်၊ အဖြစ်အပျက်တစ်ခုသာဖြစ်သည်။ Dick Innes

ဘုရားသခင်၏အကြံအစည်တော်က မိမိတို့၏ ယုံကြည်ခြင်းကိုကျင့်သုံးပြီး အခြားသူတို့ကို အားပေးဖို့၊ ယင်းကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့အား အတင်းအကြပ် ပြုနေခြင်းသာ ဖြစ်သည့်တိုင် ၄င်းတို့၏ ယုံကြည်ခြင်းကို စေ့စော်နှိုးဆွပြီး ဘုရားရှင်အပေါ် ကိုးစားရန်အတွက် အားပေးဖို့လည်း အရာရာတိုင်းတွင် သူ၌ အကြံအစည်တော် ရှိပါသည်။ ဒေးဗစ်ဘရန့်ဘာ့(ဂ)

# ယုံကြည်ပါ

*(Narramore ခရစ်ယာန်အဖွဲ့အစည်းမှ Dick Innes ရေးသားသည့် "ယုံကြည်ခြင်း၏တန်ခိုး" ဟူသော ခေါင်းစဉ်ရှိဆောင်းပါးမှ)*



ဒုဗိုလ်မှူးချုပ် Ira C. Eaker တချိန်တုံးက မိန့်ခွန်းပြောကြားခဲ့ရာ၌၊ "လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ကျော်က အင်္ဂလန်နိုင်ငံ Portsmouth မြို့ရဲ့ လမ်းတွေပေါ်မှာ လက်တဖက်၊ မျက်လုံးတဖက်နဲ့ အလျှော့မပေးဘဲ စွဲစွဲမြဲမြဲ သတ္တိရှိရှိ လုပ်ဆောင်တတ်တဲ့စိတ်ဓါတ်ရှိပြီး၊ လှိုင်းမမူးဘဲနဲ့ သင်္ဘောကုန်းပတ်ပေါ်ခြေမချနိုင်ခဲ့တဲ့ သင်္ဘောသားတစ်ယောက် လမ်းလျှောက်ခဲ့ဖူးတယ်။ သူ့နံမည်က ရေတပ်ဗိုလ်မှူးကြီး Lord Nelson သာ မဖြစ်ခဲ့ရင်သူ က ကုစားလို့ မရနိုင်တော့တဲ့သူတွေထားရာ ဂေဟာမှာ ရှိနေခဲ့မှာ အမှန်ဘဲ။ အဲဒီလူရဲ့ စိတ်ဓါတ်က သူ့အသွေးအသားကို မောင်းနှင်ခဲ့တယ်" ဟု ပြောဆိုခဲ့သည်။

၁၇၅၈ ခုနှစ်တွင် မွေးဖွားခဲ့သော ဟိုရေးရှိုးနယ်လဆင်သည် သင်းအုပ်ဆရာတဦး၏သားဖြစ်ခဲ့ပြီး ရွက်သင်္ဘောနှင့် ခရီးသွားခြင်းကို အလွန်နှစ်ခြိုက်သလောက် လူကောင်သေး၍ ကျန်းမာရေးချို့တဲ့သည့် ကလေးငယ်တစ်ဦးဖြစ်ခဲ့သည်။ ငယ်ရွယ်သည့် ဆယ်ကျော်သက်တစ်ဦးအနေဖြင့် ဗြိတိသျှရေတပ်ထဲသို့ဝင်ရောက်အမှုထမ်းခဲ့ပြီး အရှေ့အိန္ဒိယကျွန်းစုများဆီသို့ ခရီးလှည့်လည်နေစဉ် စွဲကပ်လာခဲ့သော အဖျားရောဂါကြောင့် သူ၏ကျန်းမာရေး ဆိုးဆိုးဝါးဝါး ထိခိုက်သွားခဲ့ရသည်။ သို့သော်လည်း ဤအခြင်းအရာက သူ့ကို မဟန့်တားနိုင်ခဲ့ပါ။ အသက် (၁၈)နှစ်အရွယ်တွင် ဗြိတိသျှရေတပ်၌ ဒုဗိုလ်ဖြစ်လာခဲ့ရာ ၁၈၀၂ခုနှစ်အရောက်တွင် သူက ဗြိတိသျှ ရေတပ်အုပ်စု၏ တပ်စုမှူး ဖြစ်လာခဲ့ရပြီဖြစ်သည်။

နောက် ၂ နှစ်ခန့်အကြာ "ထရာဖယ်လဂါ" တိုက်ပွဲတွင် နယ်လဆင်က ပြင်သစ်နှင့်စပိန်တို့ ပူးပေါင်းထားသည့် ရေတပ်အုပ်စုကို နှိမ်နင်းအောင်မြင်ခဲ့သည်။ ဤတိုက်ပွဲက ဗြိတိသျှရေတပ်က ပင်လယ်ပြင်အားလုံးကို စိုးမိုးထားနိုင်စေခဲ့သည်။ သို့သော် ကံအကြောင်းမလှစွာ ထိုတိုက်ပွဲတွင် နယ်လဆင် သေလောက်သောဒဏ်ရာ အပြင်းအထန်ရသွားခဲ့သည်။ သို့သော်လည်း သူ၏ ရေတပ်အောင်ပွဲခံခဲ့ကြောင်းကို သိခွင့်ရသည့်အချိန်ထိ သူအသက်ရှင်သွားခဲ့ရသည်။ သူ၏ နောက်ဆုံးစကားများက "ကျွန်ုပ်၏ တာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်ခဲ့ပြီဖြစ်လို့ ဘုရားသခင်ကို ကျေးဇူးတင်တယ်"ဟူ၍ဖြစ်သည်။

နယ်လဆင်သည် အကြောက်တရားကင်းမဲ့သော သတ္တိနှင့်တာဝန်ကို စွဲစွဲမြဲမြဲ ထမ်းဆောင်သူဖြစ်သလို၊ သူ့နိုင်ငံ၊ သူလျှောက်လှမ်းသည့်လမ်းနှင့် မိမိကိုယ်၌အပေါ် ယုံကြည်စိတ်ချမှုရှိသူဖြစ်သည်။ ဤအခြင်းအရာကို သူက သူ၏စကားများအားဖြင့် သက်သေပြခဲ့သလို သူ၏ ဘဝအသက်တာအားဖြင့်လည်း သက်သေပြခဲ့ပါသည်။ "အရဲစွံဆုံးခြေလှမ်းများက အန္တရာယ်အကင်းဆုံးဆိုသည့် အယူအဆကို ကျွန်ုပ်လက်ခံသည်"ဟု သူတချိန်မှာ ပြောခဲ့ဖူးသည်။ သူ့ကို အလွန်လေးစားခဲ့သူများက သူနှင့်ပတ်သက်၍ "သူ့ရဲ့ချိနဲ့နေတဲ့ ခန္ဓာကိုယ်ထဲမှာ အင်မတန်မှ ကြီးမြတ်တဲ့စိတ်ဓာတ် ကိန်းအောင်းနေခဲ့တယ်"ဟု ပြောခဲ့ကြသည်။

ထင်ရှားသည့် ဗြိတိသျှအတွေးအခေါ်ပညာရှင် "ဂျွန်စတူးဝပ်မေး(လ)"က သဘောတူညီခဲ့လိမ့်မည်ဖြစ်သည်။ "ယုံကြည်ချက်တစ်ခုရှိသူတစ်ဦးဟာ စိတ်ဝင်စားမှုသာရှိတဲ့လူပေါင်း ၉၉ ဦးရဲ့ အင်အားနဲ့ ညီမျှတယ်" ဟု ပြောခဲ့သည်။

မိမိ၌ မည်သို့သော အကန့်အသတ်များ သို့မဟုတ် ချို့တဲ့အားနည်းချက်များ ရှိနေစေကာမူ ဘုရားသခင်၌ သင့်အတွက် အစီအစဉ်နှင့် ရည်ရွယ်ချက် ရှိပြီးသားဖြစ်သည်။ ဤအခြင်းအရာကို သင်ယုံကြည်ပါက ၎င်းကို သင်လက်ခံရရှိလိမ့်မည်ဖြစ်သည်။ ဤအပေါ် သင်လုပ်ဆောင်ပါက အောင်မြင်မှုကို သင်ရရှိလိမ့်မည်ဖြစ်ပြီး တမန်တော်ကြီးပေါလုကဲ့သို့ပင် သင်သည်လည်း "ကောင်းစွာသော တိုက်လှန်ခြင်းကိုငါပြုပြီ၊ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ"(၂တိ ၄း၇)ဟု ပြောနိုင်ပေလိမ့်မည်။

◆◆◆

ကိုယ်တော်ဘုရား ဘဝအသက်တာ၏ မုန်တိုင်းများနှင့် တိုက်ပွဲများပေါ် အောင်မြင်ကျော်လွှားနိုင်ပြီး ၎င်းတို့ကို ကြံ့ကြံ့ခံ၍ ဆက်လက်လျှောက်လှမ်းနိုင်ရန် ခိုင်မာသော ယုံကြည်ခြင်းနှင့် ကိုးစားခြင်း၊ ကိုယ်တော်အပေါ် ယုံကြည်ခြင်းကို ကျွန်ုပ်အားပေးပါ။ ဘဝခရီး၏အဆုံးတွင်ကျွန်ုပ်သည်လည်း "ကျွန်ုပ်တာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်ခဲ့ပြီဖြစ်လို့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။"ဟုပြောနိုင်လောက်သည့် ယုံကြည်ခြင်းနှင့် အသက်ရှင်သန်နိုင်ရန် မစပါ။ ကျွန်ုပ်၏ ဆုတောင်းများကို ကြားနာ၍ အဖြေပေးသောကြောင့် ကိုယ်တော်အား ကျေးဇူးတင်ပါသည်။

---

အောင်ပွဲကို ဖွဲ့ဖြင့် စွဲမြဲစွာ လုပ်ဆောင်ကြသူများသာလျှင် ပိုင်ဆိုင်သည်။
နပိုလီယံဘိုနပတ်(၁၇၆၉-၁၈၂၁)ဥရောပကိုသိမ်းပိုက်ခဲ့သော ပြင်သစ်ပြည်၏ ဧကရာဇ်။

❖

သေချာပေါက် ကျရှုံးရန် ကံကြမ္မာက ဖန်တီးလာသည်ဟု ထင်ရသောအရာများမှ မလျှော့သောစွဲလုံ့လကြောင့် လူပေါင်းများစွာ အောင်မြင်မှုရခဲ့သည်။ Benjamin Disraeli
(၁၈၀၄-၁၈၈၁) ဗြိတိသျှဝန်ကြီးချုပ်၊ စာရေးဆရာ။

❖

အတားအဆီး အခက်အခဲများက ကျွန်ုပ်တို့အား မဖိချေနိုင်ပါ။ အတားအဆီးတိုင်းက ခိုင်မာသည့် ဆုံးဖြတ်ချက်ကို အညွှံ့ခံ အရှုံးပေးရစမြဲဖြစ်သည်။မရွေ့မပြောင်းနိုင်အောင် ကြယ်တစ်လုံးတွင် စွဲထားသောသူက သူ၏ စိတ်ကိုမပြောင်းလဲ။ လီယိုနာဒိုဒါဗင်ချီ (၁၄၅၂-၁၅၁၉) ဖလော့ရင့်မြို့သား ပန်းချီ၊ ပန်းပု ပညာရှင်၊ ဗိသုကာ၊ အင်ဂျင်နီယာနှင့် သိပ္ပံပညာရှင်။

❖

ကျွန်ုပ်သည် ဉာဏ်ပညာ ထက်မြက်၍ မဟုတ်ဘဲ ပြဿနာများနှင့်အနည်းငယ်ပို၍ အချိန်ကြာကြာနေခဲ့ခြင်းကြောင့်သာဖြစ်သည်။
- အဲလဘတ်အိုင်းစတိုင်း (၁၈၇၉- ၁၉၅၅)ဂျာမနီနိုင်ငံဖွား အမေရိကန်ရူပဗေဒပညာရှင်။

❖

ကျွန်ုပ်တို့ အောင်မြင်ကျော်လွှားကြသည်က တောင်ကြီးမဟုတ်၊ မိမိကိုယ်ကိုသာဖြစ်သည်။
Sir Edmund Hillary (Born - 1919) နယူးဇီလန်တောင်တက်သမား၊ အန္တာတိတ်ဒေသကို စူးစမ်းရှာဖွေသူ၊ ဧဝရက်တောင်ထိပ်သို့ ပထမဦးဆုံးရောက်ခဲ့ကြသူအနက် တစ်ဦး။